ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသော အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုများ ထုတ်ယူနိုင်မည့် အစီအစဉ်များကို အသိပေးကြေညာခြင်း

၁။ ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက် ၏ (၅-၆-၂၀၂၆)နေ့ တွင် ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မူလအစုရှယ်ယာ တစ်စုလျှင် အမြတ်ဝေစု (Dividend) ၅၀၀ ကျပ်နှုန်းခွဲဝေပေးရန်ဆုံးဖြတ်ခဲ့ပြီး ၁၁-၇-၂၀၂၆ နေ့တွင် အထူးအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ရှယ်ယာများအား မူလအစုရှယ်ယာတစ်စုလျှင် အစု ၂၀ သို့ ရှယ်ယာခွဲခြမ်းခြင်း ဆောင်ရွက်နိုင်ခဲ့သဖြင့် မူလအစုရှယ်ယာတစ်စုလျှင် ခံစားခွင့်ရရှိမည့် အမြတ်ဝေစုမှာလည်း (၁၂၀) ဖြင့် ၂၅ ကျပ်နှုန်း ခွဲဝေပေးမည် ဖြစ်ကြောင်း နဝမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်လည်း အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ၃-၁၀-၂၀၂၆ နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့၏ (၆/၂၀၂၆-၂၀၂၇) အစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာရှင်များထံသို့ အမြတ်ဝေစုခွဲဝေပေးမည့်နေ့အား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်(အင်္ဂါနေ့) ကို သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသော အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုများကို အောက်ပါအစီအစဉ်အတိုင်း ပေးအပ်သွားမည်ဖြစ်ပါသည်။

(က) ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များ

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအတွက် အစုရှယ်ယာရှင်များ စာရင်းဖွင့်လှစ်ထားသည့်ဘဏ်အကောင့်များသို့ တိုက်ရိုက်လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

(ခ) ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များ

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များအနေဖြင့် ကိုယ်တိုင်ဖြစ်ပါက

၁။ Share Certificate (မူရင်းနှင့်မိတ္တူ တစ်စောင်)နှင့်

၂။ မှတ်ပုံတင်(မူရင်းနှင့် မိတ္တူတစ်စောင်) ၊

ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုပါကကိုယ်စားလှယ်လွှဲစာနှင့်အတူ

၃။ Share Certificate (မူရင်း နှင့် မိတ္တူတစ်စောင်)နှင့်

၄။ အစုရှယ်ယာရှင်၏မှတ်ပုံတင် (မူရင်းနှင့် မိတ္တူ တစ်စောင်) နှင့် ကိုယ်စားလှယ်၏မှတ်ပုံတင် (မူရင်းနှင့်မိတ္တူတစ်စောင်)တို့ဖြင့်လည်းကောင်းASPGBရုံးချုပ်တွင်ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့

ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက်